ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၂၆၃ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၃၀ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးနေဝင်းထွန်း<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - Ruby Dragon Mining Co.,Ltd.<br>အမှတ် JM-080/ နမ့်ယားလမ်း/ ရွှေကြာပင်ကျောက်မျက်ဈေး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။<br>၀၆၇-၈၁၀၂၀၃၅၊ ၀၉-၄၅၁၈၁၅၈၇၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ခနောက်စိမ်းသတ္တုအရည်ကျို စက်ရုံလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ၅၁.၅ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မြေကွက်အမှတ်(၉၇)၊ အေးသာယာစက်မှုဇုန်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ |
| (ဆ) | ECC သက်တမ်း(၅)နှစ် | - စတင်ထုတ်ပေးရက် - ၁၈-၃-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၇-၃-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၂၉-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ် ပတ်ဝန်းကျင်/ စက်မှု( ၃၉၆၂/ ၂၀၂၄) **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာ"** |



၃၀.၄.၂၀၂၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန် ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့် ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Ruby Dragon Mining Co.,Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာ စက်မှုဇုန်၊ မြေကွက်အမှတ်(၉၇)ရှိ မြေဧရိယာ(၅၁.၅)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခနောက်စိမ်းသတ္တုအရည်ကျိုစက်ရုံ၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ Ruby Dragon Mining Co.,Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာစက်မှုဇုန်၊ မြေကွက်အမှတ်(၉၇)ရှိ မြေဧရိယာ(၅၁.၅)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခနောက်စိမ်းသတ္တုအရည်ကျိုစက်ရုံစီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၂၉-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/စက်မှု(၃၉၆၂/၂၀၂၄)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးနေဝင်းထွန်း၊ မန်နေးဂျင်းဒါရိုက်တာ၊ အမှတ် JM-080/ နမ့်ယားလမ်း/ ရွှေကြာပင်ကျောက်မျက်စျေး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀၆၇-၈၁၀၂၀၃၅၊ ၀၉-၄၅၁၈၁၅၈၇၈ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် သန့်စင်ပြီး ခနောက်စိမ်းများအား Reverbertory Furnace တွင် ( Crude Antimony Trioxide (over 78 % $Sb_2O_3$ Antimony) + Coal + Soda Act($Na_2CO_3$) အချိုးအတိုင်းရောစပ်ပြီး ဒီဇယ်လောင်စာသုံး မီးထိုးကိရိယာဖြင့် အပူချိန် ၁,၂၀၀ စင်တီဂရိတ်အထိ အပူပေးကျိုချက်ပြီး ရရှိလာသော ခနောက်စိမ်းပျော်ရည်များကို 25 kg ပုံစံခွက်တွင် လေးထောင့်ပုံစံသွန်းလောင်း၍ ၉၉.၉ ရာခိုင်နှုန်း သန့်စင်ပြီး သတ္တုသန့်စင်ဘလောက်တုံးများ ထုတ်လုပ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ၉၉.၉ ရာခိုင်နှုန်း သန့်စင် ခနောက်စိမ်း ဘလောက်တုံး ၄၄၅ တန် ထုတ်လုပ်မည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် အဓိကကုန်ကြမ်းများကို ကုမ္ပဏီ၏ ခနောက်စိမ်း အလတ်စား တူးဖော်ထုတ်လုပ်ခွင့်ရ လုပ်ကွက်များဖြစ်သော လွိုင်လင် မြို့နယ် ကောင်တန်ဒေသနှင့် ဟိုပုံးမြို့နယ် လိုင်ဟာမြားဒေသရှိ လုပ်ကွက်များမှ တူးဖော်ရရှိသော ခနောက်စိမ်းကုန်ကြမ်းများကို အသုံးပြုမည် ဖြစ်ပါသည်။ ကျောက်မီးသွေး တစ်နှစ်လျှင် ၁၂၅ တန်၊ ဓာတုကုန်ကြမ်းအဖြစ် Soda Act($Na_2CO_3$ ) တစ်နှစ်လျှင် ၆၀၀ ကီလိုဂရမ်ကို စက်ရုံ၏ သီးခြားသိုလှောင်ခန်းတွင် အခန်းတွင်း အပူချိန် ၁၈ ဒီဂရီ C တွင် သိမ်းဆည်းမည် ဖြစ်ပါသည်။ ရေအသုံးပြုမှုအနေဖြင့် စက်ရုံတွင်းရှိ အဝီစိတွင်း(၂)တွင်းမှ သုံးစွဲမည်ဖြစ်ပြီး တစ်ရက်လျှင် လုပ်ငန်းသုံးရေ ဂါလန်(၁,၅၀၀)နှင့် အထွေထွေသုံးရေ ဂါလန်(၁,၀၀၀)ခန့်၊ တစ်လလျှင် ဂါလန်(၇၅,၀၀၀)ခန့်နှင့် တစ်နှစ်လျှင် ဂါလန်(၉၀၀,၀၀၀)ခန့် သုံးစွဲမည်ဖြစ်ပြီး သောက်သုံးရေအား ပြင်ပမှ ဝယ်ယူသုံးစွဲ


မည်ဖြစ်ပါသည်။ စက်နှင့်ယန္တရား အသုံးပြုမှုအနေဖြင့် မီးသင်းဖိုအတွက် Disel Burner ၁ လုံး၊ Casting Machine(၄)ခု၊ Dust Collector(၄)ခု၊ Exhaust Fan(၄)ခု၊ Moldခွက်(၂၀၀)လုံး၊ လေမှုတ်ပိုက်(၈)ချောင်း၊ ဖိုအောက်ခံပြား(၁၆)ချပ်၊ တံခါးနှုတ်သီး(၁၆)ချပ်၊ သတ္တုနမူနာ ကောက်ရန်ခွက်(၈)လုံး တို့ဖြစ်ပါသည်။ လောင်စာဆီ အသုံးပြုမှုအနေဖြင့် တစ်ရက်လျှင် ဒီဇယ်ဆီ ဂါလန် ၄၀၀ ခန့်သုံးစွဲမည်ဖြစ်ပြီး ၎င်းတို့အား အလျား ၁၅ ပေ၊ အနံ ၆ပေ နှင့် အမြင့် ၄ ပေရှိ သံဆီသိုလှောင်ကန်(၂)ကန်တွင် သိုလှောင်သုံးစွဲမည် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား အသုံးပြုမှုအနေဖြင့် တစ်နှစ်လျှင် ၅၀,၀၀၀ ယူနစ် အသုံးပြုမည်ဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် ဒီဇယ်အင်ဂျင်စက် 150 kVA မီးစက်ဖြင့် လည်ပတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ဝန်ထမ်းအင်အားအနေဖြင့် ၄၀ ဦးအား တစ်ရက်လျှင် အလုပ်လုပ်ချိန် ၈ နာရီနှုန်း၊ တစ်လလျှင် အလုပ်လုပ်ရက် ၂၅ ရက်နှင့် တစ်နှစ်လျှင် အလုပ်လုပ်ရက် ၃၀၀ ခန့်ဖြင့် လည်ပတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** စီမံကိန်းတည်နေရာမှာ မြေကွက်အမှတ်(၉၇)၊ အေးသာယာ စက်မှုဇုန်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တည်ရှိပါသည်။

Ruby Dragon Mining Co.,Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာ စက်မှုဇုန်၊ မြေကွက်အမှတ်(၉၇)ရှိ မြေဧရိယာ ၅၁.၅ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခနောက်စိမ်းသတ္တုအရည်ကျိုစက်ရုံ၏ တည်နေရာပြမြေပုံ




**Ruby Dragon Mining Co.,Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာ စက်မှုဇုန်၊ မြေကွက်အမှတ်(၉၇)ရှိ မြေဧရိယာ ၅၁.၅ ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခနောက်စိမ်းသတ္တုအရည်ကျိုစက်ရုံ၏ Layout Plan**



# Ruby Dragon Mining Co.,Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာ စက်မှုဇုန်၊ မြေကွက်အမှတ်(၉၇)ရှိ မြေဧရိယာ ၅၁.၅ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခနောက်စိမ်းသတ္တုအရည်ကျိုစက်ရုံ၏ Process Flow

| | | |
|---|---|---|
| (၁)ကုန်ကြမ်းသယ်ပို့ခြင်း၊ လုပ်ငန်း | (၂)ခနောက်စိမ်း အဆင့်မြင့်ထုတ်လုပ်ခြင်း | (၃)ကုန်ချောများ တင်ပို့ခြင်း |

| | | |
|---|---|---|
| ကုန်ကြမ်းများရောစပ်ခြင်း | အရည်ကျိုခြင်း လုပ်ငန်း | သန့်စင်အလောက်တုံးများ လုပ်ငန်း |



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ Ruby Dragon Mining Co.,Ltd. မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာစက်မှုဇုန်၊ မြေကွက်အမှတ်(၉၇)ရှိ မြေဧရိယာ(၅၁.၅)ကေတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခနောက်စိမ်းသတ္တုအရည်ကျိုစက်ရုံစီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၂၉-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/ စက်မှု (၃၉၆၂/၂၀၂၄)ဖြင့် တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့်အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့် ဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် သန့်စင်ပြီး ခနောက်စိမ်းများအား Reverbertory Furnace တွင် ( Crude Antimony Trioxide (over 78 % $Sb_2O_3$ Antimony) + Coal + Soda Act ($Na_2CO_3$)အချိုးအတိုင်း ရောစပ်ပြီး ဒီဇယ်လောင်စာသုံး မီးထိုးကိရိယာဖြင့် အပူချိန် ၁,၂၀၀ စင်တီဂရိတ်အထိ အပူပေးကျိုချက်ပြီး ရရှိလာသော ခနောက်စိမ်းပျော်ရည်များကို 25 kg ပုံစံခွက်တွင် လေးထောင့်ပုံစံ သွန်းလောင်း၍ ၉၉.၉ ရာခိုင်နှုန်း သန့်စင်ပြီး သတ္တုသန့်စင်ဘလောက်တုံးများ ထုတ်လုပ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ၉၉.၉ ရာခိုင်နှုန်း သန့်စင်ခနောက်စိမ်း ဘလောက်တုံး ၄၄၅ တန် ထုတ်လုပ်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်းရှိ လမ်းများအား နေ့စဉ် ရေဖျန်းရန်၊

(၂) ယာဉ်များကို သတ်မှတ် မြန်နှုန်းအတွင်းသာ ကန့်သတ် မောင်းနှင်ရန်၊

(၃) Exhaust Fan နှင့် Filter Bags များ တပ်ဆင် အသုံးပြုရန်၊

(၄) မီးခိုးခေါင်းတိုင်အား သင့်လျော်သောအမြင့်တွင် ထားရှိရန်၊

(၅) ပြာမှုန့်များအား သီးသန့်ကန်တွင် စုဆောင်း၍ မြေမြှုပ် စွန့်ပစ်ရန်၊

(၆) စက်နှင့် ယန္တရားများအား ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းရန်၊

(၇) မီးဖိုမှထွက်ရှိသော မီးခိုးငွေ့များကို အအေးခံရာတွင် အသုံးပြုသော မီးခိုးပိုက်လိုင်းများ ပေါက်ခြင်းနှင့် ယိုစိမ့်ခြင်း မဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေများကို Spetic Tank များဖြင့် သန့်စင်စေ၍ စက်ရုံဝန်းအတွင်း ပြန်လည်အသုံးပြုရန်၊

(၂) စက်ရုံဝန်းအတွင်း ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ရန်၊

(၃) မိလ္လာစနစ်အား သက်ဆိုင်ရာနှင့်ချိတ်ဆက်၍ ပုံမှန် စွန့်ပစ်ရန်၊

(၄) ဝန်ထမ်းများအား ရေသုံးစွဲမှုဆိုင်ရာ နည်းလမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရေချွေတာသုံးစွဲရေး ဆောင်ရွက်ရန်၊

(၅) သင့်လျော်သည့် ရေကန်ပြုလုပ်ပြီး မိုးရေစုဆောင်း သုံးစွဲရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုးရေနှင့် လေပြင်းတိုက်ခတ်ခြင်းကြောင့် မြေတိုက်စားမှုများ မဖြစ်ပေါ်စေရန် လိုအပ်မှသာ အပင်များ ခုတ်လှဲခြင်းနှင့် အပေါ်ယံမြေဆီလွှာ ဖယ်ရှားရန်၊

(၂) စက်ရုံ၏ ပတ်လည်တွင် မြေပြိုမှုများ မဖြစ်ပေါ်စေရန် အပေါ်ယံမြေဆီလွှာ ဖယ်ရှားခြင်းမှအပ မြေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ တူးဖော်ရန်၊

(၃) စက်ဆီ၊ ချောဆီများကို မြေပြင်ပေါ်သို့ ဖိတ်စင်မှု မရှိစေရေး စီမံဆောင်ရွက်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ယန္တရားများအား အသံလုံစနစ်များ တပ်ဆင်အသုံးပြုရန်၊

(၂) မော်တော်ယာဉ်များ၊ မီးစက်များနှင့် စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၃) ဆူညံသံထွက်ရှိသော လုပ်ငန်းများအား နေ့အတွင်းချိန်သာ ဆောင်ရွက်ခြင်းနှင့် ညအချိန်တွင် ဆောင်ရွက်ခြင်းမပြုရန်၊

(၄) စက်ရုံနှင့်အနီးတစ်ဝိုက်တွင် ဆူညံသံထွက်ရှိမှု လျော့နည်းစေရန် လေကာပင်များ စိုက်ပျိုးရန်၊

(၅) ဆူညံသံထွက်ရှိမှုများသော စက်နှင့်ယန္တရားများအား သီးသန့်နေရာတွင် ထားရှိရန်။

(ဆ) **အနံ့စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရည်အသွေးကောင်းမွန်သော စက်ယန္တရားများနှင့် စက်သုံးဆီများကို သုံးစွဲရန်၊

AnyScanner

(၂) မော်တော်ယာဉ်နှင့် စက်ယန္တရားများအား ပုံမှန် စစ်ဆေး ပြုပြင်ရန်၊

(၃) စက်ရုံဝန်းအတွင်း exhaust fan, bag filter တပ်ဆင် အသုံးပြုခြင်းနှင့် မီးခိုးခေါင်းတိုင် တပ်ဆင်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင် အသုံးပြုရန်။

(ဇ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များကို 3 Rs စနစ်ဖြင့် အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ခြင်းနှင့် အမှိုက်ပုံးများအား လုံလောက်အောင် ထားရှိရန်၊

(၂) သန့်စင်ပြီး ခနောက်စိမ်းများကို အသုံးပြုသည့်အတွက် စွန့်ပစ်ရေဆိုး ထွက်ရှိမှု နည်းပါးခြင်းနှင့် ထွက်ရှိလာသော စွန့်ပစ်ရေများအား အနည်ထိုင် သန့်စင်ပြီး ပြန်လည်သုံးစွဲရန်၊

(၃) အနံ့နှင့် ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းအတွက် Bag filter, exhaust fan နှင့် မီးခိုးခေါင်းတိုင်များ တပ်ဆင်ရန်၊

(၄) ပြာမှုန်များအား သီးသန့်ကန်တွင် စုဆောင်း၍ မြေမြှုပ်ရန်၊

(၅) စက်များမှ ထွက်ရှိသော မီးခိုးနှင့် ဓာတ်ငွေ့များအား လေထုတွင်း မစွန့် ထုတ်မီ(ထုံးနှင့်ဓာတ်ဆားရေ)ဖြင့် ဓာတ်ပြုစေပြီးမှ စွန့်ထုတ်ရန်၊

(၆) မီးသင်းဖိုမှ ထွက်ရှိသော မီးခိုးငွေ့အား အအေးခံရန် အသုံးပြုသည့် ရေအား ပြန်လည်သုံးစွဲရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်းနှင့် အနီးဝန်းကျင်ရှိ သစ်ပင်များအား လိုအပ်မှသာ ခုတ်လှဲရန်၊

(၂) စက်ရုံအတွင်းနှင့် အနီးတစ်ဝိုက်ရှိ ရှားပါးအပင်မျိုးစိတ်များအား ထိန်းသိမ်း ရန်၊

(၃) မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် အသုံးပြုပြီးသော တူးဖော်ပြီး မြေများအား ပြန်လည် ဖုံးအုပ်ခြင်းနှင့် အစားထိုးသစ်ပင်များ ပြန်လည် စိုက်ပျိုးရန်၊

(၄) စက်ရုံဝန်းအတွင်းရှိ မြေနေရာအလွတ်များတွင် အပင်များ စိုက်ပျိုးခြင်းနှင့် အလှမြက်ခင်းများ စိုက်ပျိုးရန်။

(ည) **လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအား ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပုံမှန် ဆောင်ရွက်ရန်၊

(၂) အလုပ်သမားများအတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ လုံလောက်အောင် စီစဉ်ပေးခြင်းနှင့် စနစ်တကျ ဝတ်ဆင် အသုံးပြုမှု ရှိ/မရှိ ကြီးကြပ်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း ရှေးဦးသူနာပြုပစ္စည်းများ အဆင့်သင့် ထားရှိခြင်းနှင့် မတော်တဆမှုများ ဖြစ်ပွားပါက နီးစပ်ရာဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်နိုင်ရေး စီစဉ်ထားရှိရန်၊

(၄) ဓာတုကုန်ကြမ်း သိုလှောင်ရာနေရာများအား သတိပေးဆိုင်းဘုတ်များ မြင်သာအောင် ချိတ်ဆွဲခြင်းနှင့် ဓာတုကုန်ကြမ်း အသုံးပြုမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) ကုန်ကြမ်းများ ရောစပ်ခြင်းနှင့် အရည်ကျိုခြင်းမှ ဓာတုပစ္စည်းများ ထိတွေ့မှု တိုက်ရိုက် မဖြစ်ပေါ်စေရန်နှင့် မီးအပူလောင်ခြင်း၊ ပေါက်ကွဲခြင်းနှင့် မီးအပူဟပ်ခြင်းများ မဖြစ်ပေါ်စေရန် စီမံ ဆောင်ရွက်ရန်။

(ဋ) **လူမှုစီးပွားရေး စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်သို့ ဖြတ်သန်းသွားလာနေသော ယာဉ်များကြောင့် ယာဉ်လမ်းကြောင်းများ ကြပ်တည်းမှု မဖြစ်ပေါ်စေရန် ယာဉ်မောင်းများအား အရှိန်ကန့်သတ်ခြင်းနှင့် အချိန်ကန့်သတ်ခြင်းများ ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း လိုအပ်သောပစ္စည်းများအား ဒေသခံများထံမှ အများဆုံး ဝယ်ယူအသုံးပြုရန်၊

(၃) ဝန်ထမ်းများ ခန့်ထားရာတွင် ဒေသခံများကို ဦးစားပေး ခန့်ထားခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၄) စက်ရုံအတွင်းမှ ဖြတ်သန်းသွားလာသော ယာဉ်များကြောင့် ပျက်စီးသွားသော လမ်းများအား ပြုပြင်ထိန်းသိမ်းရန်။

(ဌ) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးသတ်ဆေးဘူးများအား လုံလောက်အောင် ထားရှိခြင်းနှင့် သက်မှတ်ရက်ကျော်လွန်မှု ရှိ/မရှိ စစ်ဆေးရန်၊

(၂) စက်ရုံဝန်းအတွင်း အရေးပေါ်ထွက်ပေါက်နှင့် လမ်းညွှန်များ ထားရှိခြင်း၊ လိုအပ်သည့် ဆက်စပ်ပစ္စည်းများ ထားရှိခြင်း၊ အရေးပေါ်အချက်ပေးစနစ်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ထားရှိရန်၊

(၃) မီးဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များအား မြင်သာသောနေရာတွင် ထားရှိခြင်းနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ လုံလောက်အောင် ထားရှိရန်၊

(၄) ဝန်ထမ်းများအား မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်ဆက်သွယ်၍ အရေးပေါ် မီးဘေးကာကွယ်ရေး အသိပညာပေးသင်တန်းများ စီစဉ် ဆောင်ရွက်ပေးခြင်း၊ လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်းနှင့် မီးသတ်ဦးစီးဌာန၏ Fire Safety Certificate ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၅) စက်ဆီသိုလှောင်ကန်၊ ဓာတ်ငွေ့ရည်နှင့် ဓာတုပစ္စည်းများ သိုလှောင်ရာ ဝန်းကျင်တွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းနှင့် ဆေးလိပ် သောက်သုံးမှု မရှိစေရေး ကြပ်မတ်ရန်၊

(၆) စက်ဆီသိုလှောင်ကန်နှင့် ထိစပ်လျက်ရှိသည့် နေရာများတွင် ခြုံနွယ်များ၊ သစ်ရွက်ခြောက်များနှင့် အမှိုက်များအား ပုံမှန် ရှင်းလင်းရန်၊

(၇) ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မီးသတိပေး ကြေညာစာများ ထုတ်ပြန်ရန်၊

(၈) ဝါယာကြိုးများ၊ ရုံးခန်းနှင့် ကုန်ကြမ်းသိုလှောင်ရုံရှိ မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ်များ ကောင်းမွန်မှု ရှိ/မရှိ ပုံမှန် စစ်ဆေးရန်၊

(၉) မီးသတ်ရေလှောင်ကန် ထားရှိမည်ဖြစ်ပြီး မီးငြှိမ်းသတ်ကိရိယာများအား လုံလောက်အောင် စီစဉ် ထားရှိရန်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ မီးသင်းဖိုအနီးနှင့် စီမံကိန်းဝန်းကျင်တွင် $PM_{10}$, $PM_{2.5}$, CO, $HCHLCO_2$, $NO_2$, $SO_2$, $O_3$ , VOC စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ် (၂၀၀,၀၀၀)သုံးစွဲရန်၊

(၂) မြေအောက်ရေ၊ မြေပေါ်ရေနှင့် လုပ်ငန်းသုံးရေအရည်အသွေးနှင့်စပ်လျဉ်း၍ စီမံကိန်းဧရိယာတွင် pH, Colour, Turbidity, Total Hardness, Iron, Chloride, TS, TSS စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၃၀၀,၀၀၀)သုံးစွဲမည်ဖြစ်ကြောင်း၊

(၃) စွန့်ပစ်အရည် အရည်အသွေးနှင့်စပ်လျဉ်း၍ စီမံကိန်းဧရိယာတွင် pH, BOD, SS, DO, COD, Oil and grease, chromium စသည့် Parameter များအား တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀၀,၀၀၀) သုံးစွဲရန်၊

(၄) စွန့်ပစ်ပစ္စည်းထွက်ရှိမှုနှင့်စပ်လျဉ်း၍ စီမံကိန်းဧရိယာတွင် စွန့်ပစ်ပစ္စည်း ထွက်ရှိမှု ပမာဏနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ထားရှိမှုကို တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀၀,၀၀၀)သုံးစွဲရန်၊

(၅) ဆူညံသံနှင့်တုန်ခါမှုပတ်သက်၍ Noise level အား dBA ဖြင့် ဖော်ပြပြီး စီမံကိန်းဧရိယာတွင် တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၂၀၀,၀၀၀)သုံးစွဲရန်၊

(၆) မြေဆီလွှာထိခိုက်မှုအား စီမံကိန်းဧရိယာ အနီးတစ်ဝိုက်နှင့် အတွင်းအပြင် မြေလွတ်များတွင် တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀၀,၀၀၀)သုံးစွဲရန်၊

(၇) မြေနိမ့်ကျဆင်းမှုအား စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင်(၁)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၂၀၀,၀၀၀)သုံးစွဲရန်၊

(၈) အနံ့ဆိုးထွက်ရှိမှုအား စီမံကိန်းဧရိယာတွင်း တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာ စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀၀,၀၀၀)သုံးစွဲရန်၊

(၉) အနည်အနှစ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင်(၁)ကြိမ် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၂၀၀,၀၀၀)သုံးစွဲရန်၊

(၁၀) ဇလဗေဒနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင် (၁)ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေကျပ်(၅၀၀,၀၀၀)သုံးစွဲရန်၊

(၁၁) ရေအသုံးချမှု၊ ဇလဗေဒနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင် (၁)ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၅၀၀,၀၀၀)သုံးစွဲရန်၊

(၁၂) လုပ်ငန်းခွင်အတွင်း ရောဂါကူးစက်မှုနှင့်ပတ်သက်၍ ဝန်ထမ်းများအား တစ်လလျှင်(၁)ကြိမ် ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကုန်ကျငွေ ကျပ်(၂၀၀,၀၀၀)သုံးစွဲရန်၊

(၁၃) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စီမံကိန်း ဧရိယာအတွင်း တစ်လလျှင်(၁)ကြိမ် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၂၀၀,၀၀၀)သုံးစွဲရန်၊

(၁၄) လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်မှုများ ဖြစ်ပေါ်ပါက ဖြေရှင်းရန် ကုန်ကျငွေ ကျပ်(၂၀၀,၀၀၀)သုံးစွဲရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းပိတ်သိမ်းမှုအစီအမံများ ကြိုတင်ပြင်ဆင်၍ အဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းပိတ်သိမ်းချိန်တွင် ကျန်ရှိသည့် စွန့်ပစ်အစိုင်အခဲများနှင့် အရည်သိုလှောင်သည့် မြေစိုက်ကန်အား စနစ်တကျ ရှင်းလင်းရန်၊

(၃) တူးဖော်ထားသည့်နေရာများအား မြေပြန်လည် ဖြည့်တင်းရန်၊

(၄) သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် ပြုပြင်ထိန်းသိမ်းရန်။

(ဏ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီ အစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(တ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ထ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လျာထားသုံးစွဲရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ဆောင်ရွက်ရန်အတွက် ကုန်ကျငွေ ကျပ်(၅,၄၀၀,၀၀၀)သုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များ ဆောင်ရွက်ရန်အတွက် ကုန်ကျငွေကျပ်(၆,၅၀၀,၀၀၀)သုံးစွဲရန်၊

(၃) လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက်ဆောင်ရွက်ရန်.

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များနှင့် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင် ပျက်စီးမှုများ မဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့်ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်

AnyScanner

ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင် တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက် စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်းနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ)စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ် တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေသန့်စင်စနစ်မှ စွန့်ပစ်ရေများနှင့် လေထုစီမံခန့်ခွဲမှုမှ အမှုန်အမွှားများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၃.၇.၃ ပါ စွန့်ထုတ်အရည်နှင့် ထုတ်လွှတ်အခိုးအငွေ့ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) အနံ့စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသားမြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ(၂၀၂၄)ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား စက်ရုံရှိ Effluent Treatment System နှင့် Wastewater Treatment Plant တပ်ဆင်အသုံးပြုရန်နှင့် ကောင်းမွန်စွာ သန့်စင်နိုင်ခြင်း ရှိမရှိ အမြဲ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းရေိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်းစက်မှုဇုန်ပတ်လည်တွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်ပန်းမန်များ စိုက်ပျိုးပေးရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး အစီအမံများ ရေးဆွဲထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်း ပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေး ပေးချေခြင်း၊ သင့်လျော်သည့် လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှု မရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်း အလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော(သို့မဟုတ်)ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ

ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ် ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆို ပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်း အကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန် ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက် ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ)ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အဦများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ည) **လူမှုတာဝန်သိ အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဠ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြု တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာ ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်း ပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီး ကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ် ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေး ခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ် ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်

များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသော ရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ တွက်ချက်ခြင်းများ(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ်(ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ်တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်

AnyScanner

လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာ၏ ဒီဂျစ်တယ် မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ ရန်၊

(ဖ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေး ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့် နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင် ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူး ခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ် များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြား စုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေး ဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ် များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်

ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဌ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်း အကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ဖက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှု မရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလ အတည်ပြုခဲ့သည့်အချိန်မှ ကြိုတင် သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုး သက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမို ကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့် ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆို ပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---